# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၆ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် - ၁၅၅

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၁၈ တွင် ချမှတ်သည့် ၂၀-၁-၂၀၁၆ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်ရောက်ခြင်း။

| | | |
|---|---|---|
| ဂရင်းဆာကယ်လ်ကုမ္ပဏီလီမိတက် | နှင့် | ဟဲန်ဝူးဒ်ထရေးဒင်းကုမ္ပဏီ |
| (ကိုယ်စားလှယ် အထွေထွေမန်နေဂျာ ဦးသက်ဦး) | | (၎င်း၏ မြန်မာနိုင်ငံကိုယ်စားလှယ် ဦးညွန့်မောင်) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဦးသူရိန်ဝင်း ၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးဘအေး ၊ တရားလွှတ်တော်ရှေ့နေ

### စီ ရင် ချက်

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၂၅ ရက်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ တရားမကြီးမှု အမှတ် ၃၁၈/၂၀၁၁၊ တရားလို ဟဲန်ဝူးဒ်ထရေးဒင်း ကုမ္ပဏီနှင့် ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်၊ စာချုပ်အရ ပေးထားသောငွေ၊ နစ်နာကြေးနှင့် လျော်ကြေးရလိုမှုတွင် ချမှတ်သော ၂၀-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကို မူလရုံးတရားပြိုင်က အယူခံ တင်သွင်းခြင်း ဖြစ်သည်။

တရားလို၏ မူလရုံး အဆိုလွှာတွင် တရားလိုသည် တရားပြိုင် ကုမ္ပဏီက ထုတ်ဝေသော TAMARIND JUICE မကျည်းဖျော်ရည်ဗူးဝယ်ရန် စာချုပ် ချုပ်ဆိုခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို တရားပြိုင်ထံ ပေးချေခဲ့ကြောင်း၊ တရားပြိုင်သည် စာချုပ် ချုပ်ဆိုပြီး တစ်နှစ်ကျော် ကြာသည်အထိ ပစ္စည်းတင်ပို့ခြင်း မပြုဘဲ စာချုပ်ပါ ကတိကို ဖောက်ဖျက်ခဲ့သည့်ပြင် ရယူထားသည့်ငွေကို ပြန်ပေးခြင်း လည်း မရှိကြောင်း၊ ထို့ကြောင့် တရားပြိုင်ထံ ပေးပို့ထားသော အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ညီမျှသော F.E.C ၁၀၀၀၀ ယူနစ်ကို လည်းကောင်း၊ ၂၂-၁-၂၀၀၆ ရက်နေ့မှစ၍ ၆% တိုးနှင့် ညီမျှသော နစ်နာကြေးငွေကို လည်းကောင်း၊ တရားလိုက ယင်းငွေဖြင့် ရင်းနှီးမြှုပ်နှံမှုပြု၍ ကုန်သွယ်ရန် နစ်နာသည့်အတွက် ဆုံးရှုံးမှုအရပ်ရပ်ကို လည်းကောင်း၊ တစ်ပတ်အတွင်း ပေးပို့ရှင်းလင်းရန် အကြောင်းကြား ခဲ့သော်လည်း လိုက်နာဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ ၂၅-၇-၂၀၀၇ ရက်စွဲပါ စာတစ်စောင် ပေးပို့ပြီး အမေရိကန်ဒေါ်လာ ၁၀၀၀၀ ရယူခဲ့ခြင်းကို ငြင်းဆိုခဲ့ခြင်း မရှိဘဲ သဘောတူညီချက်ကို အတိအလင်း ဖောက်ဖျက်ခဲ့ကြောင်း၊ သို့ဖြစ်၍ F.E.C ၁၅၆၀၀ ယူနစ် သို့မဟုတ် ၎င်းနှင့်ညီမျှသော မြန်မာငွေကျပ် ၄၂၇ သိန်းနှစ်သောင်းကို တရားရုံးက ခွင့်ပြုသော အတိုးနှုန်းနှင့်တကွ ပေးစေသည့်အမိန့် ချမှတ်ပေးရန် ဖော်ပြအဆိုပြုသည်။

တရားပြိုင်က ချေပရာတွင် တရားလို ကုမ္ပဏီနှင့် တရားပြိုင် ကုမ္ပဏီတို့သည် စာချုပ်ချုပ်ဆိုခြင်း မရှိခဲ့သည့်ပြင် တရားလိုကုမ္ပဏီသည် ၂၂-၁-၂၀၀၆ ရက်နေ့က အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို တရားပြိုင် ကုမ္ပဏီသို့ ပေးချေခဲ့ခြင်းလည်း မရှိကြောင်း၊ တရားပြိုင် ကုမ္ပဏီသည် တရားလို ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုခဲ့ခြင်း မရှိသည့်ပြင် တရားလို ကုမ္ပဏီထံမှ မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ရယူခဲ့ခြင်း မရှိသည့်အတွက် ငွေပြန်ပေးရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ ၂၅-၇-၂၀၀၇ ရက်စွဲပါစာမှာ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို တရားပြိုင် ကုမ္ပဏီက ရယူထားခဲ့ခြင်း မရှိကြောင်း၊ တရားလိုသည် တရားပြိုင်အပေါ် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်ညီမျှသော F.E.C ၁၀၀၀၀ ယူနစ်ကို လည်းကောင်း၊ ၆% နှင့်ညီမျှသော F.E.C ၁၅၆၀၀ ယူနစ်ကို လည်းကောင်း၊ လျော်ကြေး F.E.C ၁၀၀၀၀ ယူနစ်ကို လည်းကောင်း တောင်းခံခွင့် လုံးဝမရှိကြောင်း၊ တရားလို တောင်းခံသော ငွေကျပ် ၄၂၇ သိန်းနှစ်သောင်းကို တောင်းခံခွင့်မရှိကြောင်း၊ တရားလိုသည် ဤအမှုကို စွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ တရားလို စွဲဆိုသော အမှုကို စရိတ်နှင့်တကွ ပလပ်ပေးရန် ဖော်ပြချေပသည်။

မူလရုံးက တရားလိုနှင့် တရားပြိုင်တို့၏ အဆိုအချေများအရ ငြင်းချက်လေးရပ်ထုတ်နုတ်၍ 'တရားလိုသည် ဤအမှုကို စွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း မရှိဆိုသည်မှာ မှန်သလား' ဆိုသည့် ငြင်းချက် အမှတ် ၁ ကို ပဏာမ ငြင်းချက်အဖြစ် ဦးစွာကြားနာပြီး တရားလိုဘက်သို့ အသာပေးဖြေဆိုခဲ့သည်။ ကျန်ငြင်းချက်များကို ဆက်လက် စစ်ဆေးကြားနာ၍ တရားလိုကို အနိုင်ဒီကရီ ချမှတ်ခဲ့သည်။

အယူခံမှုအတွက် အယူခံ တရားလိုက တင်ပြရာတွင် ၃-၁-၂၀၀၆ ရက်စွဲပါ အရောင်းအဝယ် ပဋိညာဉ်စာချုပ်၌ ရောင်းသူအဖြစ် ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ တစ်ဦးဦးသော်လည်းကောင်း၊ ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ တစ်ဦးဦးသော်လည်းကောင်း ပါဝင်ခြင်း မရှိကြောင်း၊ အဆိုပါ အချက်နှင့် ပတ်သက်၍ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း သက်သေခံ '၂' ကို တင်ပြထားပြီး ဖြစ်ကြောင်း၊ ၃-၁-၂၀၀၆ ရက်စွဲပါ အရောင်းပဋိညာဉ်စာချုပ်၌ လက်မှတ်ရေးထိုးချုပ်ဆိုသူမှာ ဂရင်းဆာကယ်လ်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာလည်းမဟုတ်၊ အစုရှယ်ယာဝင်လည်း မဟုတ်ကြောင်း၊ ၎င်းကို ၃-၁-၂၀၀၆ ရက်စွဲပါ အရောင်းပဋိညာဉ် ပြုလုပ်ရန် အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် လည်းကောင်း၊ သီးခြားကိုယ်စားလှယ်လွှဲစာဖြင့် လည်းကောင်း ကိုယ်စားလှယ် လွှဲအပ်ထားခြင်း မရှိကြောင်း၊ ကုမ္ပဏီ Letter Head ဆိုသည်မှာလည်း အချိန်မရွေး ပြုလုပ်ဖန်တီးနိုင်သော စာရွက်ဖြစ်ကြောင်း၊ ထို့ကြောင့် ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်နှင့် မသက်ဆိုင်သော လူပုဂ္ဂိုလ် Johnny Yeung ၏ ဆောင်ရွက်မှုကို အကြောင်းပြုပြီး တာဝန်မရှိသော ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်အား ပေးလျော်စေရန် ချမှတ်သော အမိန့်သည် ပြင်ဆင်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ သက်သေခံ '၈' နှင့် '၈-၁' တို့အရဆိုလျှင် အယူခံတရားပြိုင် ကုမ္ပဏီနှင့် အယူခံ တရားလို ကုမ္ပဏီတို့အကြား အရောင်းအဝယ် ပြုလုပ်ခဲ့ဖူးသည်ဟု ပေါ်ပေါက်ကြောင်း၊ ထိုသို့ အရောင်းအဝယ် ပြုလုပ်ရာတွင်လည်း ကျသင့်သည့် ကုန်ဖိုးငွေနှင့် ပတ်သက်၍ အယူခံတရားလို ကုမ္ပဏီ၏ ငွေစာရင်းဖြစ်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်ရှိ အယူခံတရားလို၏ ငွေစာရင်းအမှတ်သို့ အယူခံ တရားပြိုင်ဘက်မှ ပေးသွင်းရသည်မှာ သက်သေခံ '၈' အရ ပေါ်ပေါက်ကြောင်း၊ ယခုအမှုတွင် အယူခံ တရားပြိုင်က ပေးအပ်သည်ဆိုသောငွေမှာ ဂရင်းဆာကယ်လ် ကုမ္ပဏီ၏ လက်ဝယ်သို့ တိုက်ရိုက်ပေးအပ်ခြင်း မရှိကြောင်း၊ ဂရင်းဆာကယ်လ် အမည်ဖြင့် ပေးသွင်းခြင်းလည်း မရှိကြောင်း၊ ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်ကလည်း အယူခံတရားပြိုင် ပေးအပ်သောငွေကို လက်ခံရယူကြောင်း၊ ထုတ်ယူကြောင်း အထောက်အထား တစ်စုံတစ်ရာ မပေါ်ပေါက်ကြောင်း၊ ထိုအချက်နှင့် ပတ်သက်၍ အယူခံ တရားလို၏ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ စာရင်း

စာအုပ်ဖြစ်သော သက်သေခံ '၃'၊ '၃-က' နှင့် '၃-ခ' တို့ကိုလည်း တင်သွင်းထားပြီး ဖြစ်ကြောင်း၊ အယူခံ တရားပြိုင်က ငွေပေးပို့ခြင်းမှာ ဟောင်ကောင်နိုင်ငံရှိ (HSBC) ဘဏ်ခွဲ၏ HEN WOOD GENERAL TRADING L.L.C ၏ စာရင်းမှ YEUNG WINGREGINA ၏ စာရင်းအမှတ် ၀၀၄-၀၄၈၅၀၅၅၆၈၈၃ သို့ ပေးသွင်းခြင်းသာ ဖြစ်ကြောင်း၊ ထိုအချက်ကိုလည်း အယူခံ တရားပြိုင်ဘက်မှ အငြင်းမပွားကြောင်း၊ ထို့ကြောင့် အယူခံတရားပြိုင် ပေးသောငွေကို အယူခံ တရားလိုက လက်ခံရရှိသည်ဟု မပေါ်ပေါက်ကြောင်း၊ အယူခံတရားလိုဘက်မှ တင်ပြသော သက်သေခံ အီးမေးလ်များအရ ကြည့်လျှင်လည်း အယူခံ တရားလိုနှင့် အယူခံ တရားပြိုင်တို့ ဆက်သွယ် ဆောင်ရွက်ခြင်း မဟုတ်ဘဲ အချင်းဖြစ် ကိစ္စကို Johnny Yeung နှင့် အယူခံ တရားပြိုင်တို့သာ အပြန်အလှန် အဆက်အသွယ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်ပါလျက် အယူခံ တရားလိုအပေါ် ပေးလျော်စေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း၊ Johnny Yeung သည် ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်ဘက်မှ တာဝန်ရှိသူဟု အယူခံ တရားပြိုင်ဘက်မှ တင်ပြသော်လည်း ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်၊ ပုံစံ ၆၊ ပုံစံ ၂၆ တို့အရ Johnny Yeung မှာ မည်သည့် အချိန်ကမျှ ကုမ္ပဏီတွင် ပါဝင်ပတ်သက်ခဲ့ဖူးသူ မဟုတ်ကြောင်း ပေါ်ပေါက်ပါလျက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်မှ အယူခံ တရားလို ကုမ္ပဏီကို လျော်ကြေးပေးလျော် ခိုင်းခြင်းမှာ ပြင်ဆင်ဆုံးဖြတ်ပေးရန် လိုအပ်လျက် ရှိပါကြောင်း၊ အဆိုလွှာ အပိုဒ် ၃ တွင် ၂၁-၂-၂၀၀၆ ရက်နေ့မှစ၍ 'တစ်လလျှင် ၆% အတိုးနှင့် ညီမျှသော နစ်နာကြေးငွေကို လည်းကောင်း၊ တရားလိုဘက်မှ ယင်းငွေနှင့်ရင်းနှီးမြှုပ်နှံမှုပြု၍ ကုန်တင်ရန် နစ်နာသည့်အတွက် ဆုံးရှုံးမှု အရပ်ရပ်' ဟု ဖော်ပြထားကြောင်း၊ အဆိုလွှာ တင်သည့်ရက်မှာ ၂၀၀၈ ခုနှစ်၊ ဧပြီလရက်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားစာတိုင် ၂၂ နှင့် ၃၀ တို့အရ တစ်နှစ်အတွင်း စွဲဆိုရမည်ဖြစ်သော်လည်း ကာလစည်းကမ်းသတ် တစ်နှစ်ကျော်ကြာမှ စွဲဆိုသော အမှုကို ပလပ်ရန် ဖြစ်ပါလျက် ကာလစည်းကမ်းသတ် ကျော်လွန်သော နစ်နာကြေးကို ပေးစေရန် ချမှတ်သည့် အမိန့်မှာ ပြင်ဆင်ဆုံးဖြတ်ပေးရန် လိုအပ်လျက် ရှိကြောင်း၊ **ဦးဝင်းဟန် ပါ၂ နှင့် ဒေါ်ညွန့်ညွန့်တင် အမှု**[၁] စီရင်ထုံးတွင် အယူခံ တရားပြိုင် ဒေါ်ညွန့်ညွန့်တင် စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်းခြင်း ရှိမရှိ အဓိက သုံးသပ်ဆုံးဖြတ်ရန် ပြဿနာ ပေါ်ပေါက်နေကြောင်း၊ ကာလစည်းကမ်းသတ် ပြဿနာသည် အမှုတစ်ခုလုံးဆုံးဖြတ်ရန် အရေးပါသော ပြဿနာဖြစ်ကြောင်း မူလရုံးက ဆုံးဖြတ်ရန် ပျက်ကွက်ခဲ့လျှင် ဖြစ်စေ၊ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင် ဖြစ်စေ အမှုတွင် ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီးအချက် ဖြစ်နေလျှင် နောက်ဆုံးအယူခံရုံးက ဆုံးဖြတ်နိုင်သည်ဟု ထုံးဖွဲ့ဆုံးဖြတ်ထားကြောင်း၊ ယခုအမှုတွင်လည်း တရားလို၏ အဆိုလွှာ အရပင် ၎င်းနစ်နာခဲ့သည် ဆိုခြင်းမှာ ၂၁-၂-၂၀၀၆ ရက်နေ့မှ စတင်ကြောင်း ပေါ်ပေါက်နေပြီး တရားစွဲဆိုသည်မှာ ၂၀၀၈ ခုနှစ် ဧပြီလတွင်ဖြစ်ရာ ကာလစည်းကမ်းသတ် ကျော်လွန်နေသည့် အခြေအနေဖြစ်၍ မူလခရိုင် တရားရုံးတော်က နစ်နာကြေးငွေ ဒေါ်လာ ၁၀၀၀၀ ပေးရန် ချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ သို့ပါ၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်၏ ၂၀-၁-၂၀၁၆ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ပေးပါရန် ဖော်ပြလျှောက်ထားသည်။

အယူခံ တရားပြိုင်ဘက်မှ တင်ပြရာတွင် မူလရုံး ဒီကရီကို အတည်ပြုပေးရန် အယူခံ တရားပြိုင်က ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားမဇာရီမှု အမှတ် ၅၇/၂၀၁၆ ကို ဖွင့်လှစ်ခဲ့ရာ မူလရုံး တရားရှုံးဖြစ်သူ အယူခံ တရားလိုက ဒီကရီကျငွေကို အရစ်ကျပေးအပ်ရန် လျှောက်ထားသဖြင့် မူလတရားရုံးက ခွင့်ပြုပြီး လစဉ်အရစ်ကျ ပေးချေခဲ့ရာ ယခု အယူခံတရားပြိုင်ဘက်မှ ဒီကရီ ကျငွေကို အပြည့်အဝ လက်ခံရရှိပြီးဖြစ်၍ မူလရုံး ဒီကရီကို ပိတ်သိမ်းလိုက်သည့် အခြေအနေ ရှိနေပါကြောင်း၊

၁။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၆၆

ကုမ္ပဏီများကို လက်တွေ့ဆောင်ရွက်ရာတွင် ကုမ္ပဏီအချင်းချင်း စာချုပ် ချုပ်ဆိုရာ၌ ဒါရိုက်တာများကသာ ဆောင်ရွက်ရမည်ဟု ဥပဒေအရ ဖြစ်စေ၊ ဥပဒေနှင့်အညီ သတ်မှတ်သော နည်းဥပဒေအရ ဖြစ်စေ သတ်မှတ်ခြင်း မရှိကြောင်း၊ အယူခံတရားလိုသည် မူလရုံး၌ ဒီကရီကို အယူခံ တင်ထားဆဲဖြစ်ရာ အယူခံတရားပြိုင်ဘက်မှ ဖွင့်လှစ်သော တရားမဇာရီမှု အမှတ် ၅၇/၂၀၁၆ ကို ဆိုင်းငံ့ပေးရန် တရားလွှတ်တော်သို့ လျှောက်ခွင့်ရှိသလို မူလခရိုင် တရားရုံးတွင်လည်း အယူခံ တင်ထား၍ အယူခံလွှာကို လက်ခံကြားနာရန် ဆုံးဖြတ်ထားသည်ဟု တင်ပြပြီး ဇာရီမှုကို ဆိုင်းငံ့ထားနိုင်ရန် အခွင့်အရေး ရရှိကြောင်း၊ သို့သော် အဆိုပါ အခွင့်အရေးကို အသုံးမပြုဘဲ ဒီကရီငွေကို အရစ်ကျ ပေးဆပ်ခွင့်ပြုရန် လျှောက်ထားပြီး အကြေ ပေးဆပ်ခြင်းဖြစ်ရာ ဤသို့သော အခြေအနေတွင် ဤအယူခံလွှာကို တရားလွှတ်တော်က ပလပ်ရန်သာ ရှိပါကြောင်း ပဏာမ တင်ပြကြောင်း၊ အငြင်းပွား ကုမ္ပဏီနှစ်ခုက သက်သေခံ 'ခ' အရ ယခင် ပထမ အကြိမ် ပဋိညာဉ်ချုပ်ဆိုပြီး ဆောင်ရွက်ခဲ့ကြရာတွင် အယူခံတရားလိုဘက်မှ မြတ်ထွဋ်ဆိုသူကလက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပြီး ၎င်းပုဂ္ဂိုလ်သည် မန်နေဂျာလား၊ အထွေထွေမန်နေဂျာလား မသိပါဟု အယူခံ တရားလိုဘက်မှ ကိုယ်စားဆောင်ရွက်သူ ဦးသက်ဦးက ရုံးရှေ့တွင် ထွက်ဆိုခဲ့ကြောင်း၊ ယင်းသက်သေခံ 'ခ' စာချုပ်အရ ဆောင်ရွက်သည့် ကိစ္စရပ်သည် အထစ်အငေါ့မရှိ ပြီးမြောက်ခဲ့သည်ကိုလည်း ဝန်ခံထားကြောင်း၊ မူလရုံးသည် အယူခံ တရားလို၏ ကုမ္ပဏီမှ ပြန်ကြားထားသော သက်သေခံ 'ဉ' နှင့် သက်သေခံ '$' ပါ အကြောင်းကြားစာ ဖော်ပြချက်များအရ သက်သေခံ 'ဏ' အရောင်းပဋိညာဉ် စာချုပ် ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ နှစ်ဖက်အငြင်းမပွားကြောင်း သုံးသပ်ခဲ့သလို ယင်းစာချုပ်အရ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို လွှဲပြောင်းပေးမှုအပေါ် လက်ခံရရှိခြင်း ရှိမရှိ အတိအလင်း ငြင်းဆန် ချေပထွက်ဆိုထားခြင်း မရှိဟု မူလရုံးမှ သုံးသပ်ခဲ့ခြင်းသည် အယူခံတရားလိုဘက်မှ ပေးပို့သော စာရွက်စာတမ်းများကို သုံးသပ်ပြီး မူလရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပြင် မူလရုံးက အယူခံ တရားလို၏ ကိုယ်စားလှယ် ဦးသက်ဦး၏ ထွက်ဆိုချက် တစ်ခုတည်းသာရှိပြီး ထိုချေပထွက်ဆိုချက်အပေါ် ထောက်ခံသည့် သက်သေတစ်စုံတစ်ရာကိုမျှ တင်ပြနိုင်ခြင်း မရှိသည့်ပြင် စာရွက်စာတမ်း အထောက်အထားလည်း တိကျသေချာစွာ တင်ပြခြင်း မရှိသည့် အခြေအနေတွင် တရားပြိုင်၏ ထုချေချက်မှန်သည်ဟု တစ်ထစ်ချ မှတ်ယူ၍ မရနိုင်ဟု သုံးသပ်ခြင်းမှာလည်း မှန်ကန်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ အယူခံ တရားလို၏ အယူခံလွှာကို စရိတ်နှင့်တကွ ပလပ်ပေးပါရန် ဖော်ပြလျှောက်ထားသည်။

အမှုတွဲ ပေါ်ပေါက်ချက်များကို လေ့လာရာတွင် မူလရုံး တရားလိုနှင့် တရားပြိုင် ကုမ္ပဏီနှစ်ခုသည် ယခင်ကလည်း အချင်းဖြစ်ပစ္စည်း အရောင်းအဝယ် ပြုလုပ်ခဲ့ပြီး ချောမွေ့အောင်မြင်စွာ အရောင်းအဝယ် ပြုလုပ်ခဲ့ကြကြောင်း ပေါ်ပေါက်သည်။ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမ အကြိမ်က ချုပ်ဆိုသည့် သက်သေခံ 'ခ' Sales Contract တွင် ဦးမြတ်ထွဋ်ဆိုသူနှင့် ချုပ်ဆိုပြီး ဒုတိယ အကြိမ်တွင် Johnny Yeung ဆိုသူနှင့် ချုပ်ဆိုသည်ကို တွေ့ရသည်။ ဒုတိယအကြိမ် အရောင်းအဝယ် ပြုလုပ်သည့် ပဋိညာဉ်အရ တရားလို ကုမ္ပဏီက ငွေပို့သည်မှာ Yeung wing Regina ဟောင်ကောင်သို့ ပေးပို့သည်ကို ၂၂-၁-၂၀၁၆ ရက်စွဲပါ သက်သေခံ 'ဂ' ငွေပို့လွှာအရ တွေ့ရှိရသည်။ အမှုတွဲပါ သက်သေခံ '၂' ဖြစ်သော ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်၏ သင်းဖွဲ့မှတ်တမ်း၌ Johnny Yeung သည် မည်သည့် နေရာတွင်မှ ပါဝင်ခြင်းမရှိဘဲ ၎င်း၏ဖခင်သာ ဂရင်းဆာကယ်လ် ကုမ္ပဏီလီမိတက်တွင်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ကပင် ထွက်သွားခဲ့ကြောင်း ပေါ်ပေါက်သည်။ သက်သေခံ 'င' မှ '၄' အထိပါ Email အပြန်အလှန် ဆက်သွယ်မှုများကို ကြည့်လျှင် Email အားလုံးသည် တရားလို ကုမ္ပဏီနှင့် Johnny Yeung တို့၏ ဆက်သွယ်မှုများသာ ဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ တရားလို ကုမ္ပဏီသည် စာချုပ် ချုပ်ဆိုခြင်း၊ အပြန်အလှန် ဆက်သွယ်ခြင်းတို့ကို Johnny Yeung ဆိုသူနှင့် ဆောင်ရွက်ခဲ့ပြီး တရားပြိုင် ကုမ္ပဏီအပေါ် တရားစွဲဆိုသည့် သဘောရှိ

သည်ကို တွေ့ရသည်။ ထို့ပြင် Johnny Yeung သည် တရားပြိုင် ကုမ္ပဏီ၌ အဆုံးအဖြတ် ပေးနိုင်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကို လည်းကောင်း၊ တရားပြိုင် ကုမ္ပဏီက ကိုယ်စားလှယ် လွှဲအပ်ထားသူဖြစ်ကြောင်း ကို လည်းကောင်း တရားလိုဘက်မှ တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ တရားလို ကုမ္ပဏီနှင့် တရားပြိုင် ကုမ္ပဏီတို့ အောင်မြင်စွာ အရောင်းအဝယ် ပြုခဲ့သော ပထမအကြိမ် စာချုပ်ဖြင့် ဆောင်ရွက် သည့် အချိန်က တရားလို ကုမ္ပဏီ ငွေပေးပို့သည်မှာ အမ်အမ်စီပီဘဏ်သို့ ပေးပို့ခြင်းဖြစ်ကြောင်း၊ တရား ပြိုင် ကုမ္ပဏီ၏ အထွေထွေကိုယ်စားလှယ်အဖြစ် အစစ်ခံသူ ဦးသက်ဦး၏ထွက်ချက် ပြန်လှန်စစ်မေးရာ တွင် ပေါ်ပေါက်ပြီး အငြင်းမပွားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ Johnny Yeung သည် ၎င်း၏ဖခင်က တရားပြိုင် ကုမ္ပဏီနှင့် ပတ်သက်ခဲ့ဖူးသည့် အခြေအနေကို အခွင့်ကောင်းယူ၍ ဆောင်ရွက်သည်ဟု ဆိုနိုင်ပေသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ လေ့လာရာတွင် သက်သေခံ 'စ-၁' ၂၈-၄-၂၀၁၆ ရက်စွဲပါ Email တွင် Johnny Yeung က ၎င်းသည် တရုတ်နိုင်ငံသို့ ခွင့်ပြန်သွားကြောင်း၊ သွင်းကုန်ထုတ်ကုန် မန်နေဂျာ ဦးဝင်းချိုကို တာဝန်ပေးခဲ့ကြောင်း၊ ၎င်း၏ဖခင်နှင့် ဦးလေးနှစ်ဦးစလုံး မြန်မာနိုင်ငံတွင် ရှိနေ ကြောင်း၊ သင်က ဘာကြောင့်ဖုန်းမခေါ်ပါလဲ သို့မဟုတ် ကိုဝင်းချိုကို မခေါ်ပါသလဲဟု လည်းကောင်း၊ ယခု သင်လုပ်ရမည့် အလုပ်မှာ ကိုဝင်းချိုကို ယခုပင် စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်ဟု လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ သက်သေခံ 'ဆ-၁' ၃-၆-၂၀၁၆ ရက်စွဲပါ Email တွင်လည်း Johnny Yeung က မည်သည့်ကိစ္စ၊ မည်သည့် အဆင့်သို့ ရောက်နေကြောင်း ကိုဝင်းချိုနှင့် ဆက်သွယ်ပါဟု ဖော်ပြချက်များ ရှိသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ Johnny Yeung က ၎င်းသည် တရားပြိုင် ကုမ္ပဏီတွင် တာဝန်ရှိသူ တစ်ဦးအဖြစ် ယုံကြည်စေရန် ဆောင်ရွက်သည်ဟု လည်းကောင်း၊ တရားပြိုင် ကုမ္ပဏီတွင် တာဝန်မရှိတော့သည့် ၎င်း၏ဖခင်ကို အသုံးချ၍ ဆောင်ရွက်ချက် ရှိခဲ့သည်ဟု လည်းကောင်း သုံးသပ်ရ သည်။ ထို့ပြင် တရားလိုကုမ္ပဏီသည် Johnny Yeung တစ်ဦးကိုသာ ဆက်သွယ်ခဲ့ပြီး Johnny Yeung က ညွှန်ကြားသော တရားပြိုင် ကုမ္ပဏီမှ သွင်းကုန်၊ ထုတ်ကုန်မန်နေဂျာ ကိုဝင်းချိုကို ၃-၁-၂၀၁၆ ရက်စွဲ ပါအရောင်းပဋိညာဉ်တွင် ပါရှိပြီးဖြစ်သည့် ဖုန်းနံပါတ်များဖြင့် ဆက်သွယ်ခဲ့ကြောင်းကို လည်းကောင်း၊ ဆက်သွယ်ရန် ကြိုးစားခဲ့ကြောင်းကို လည်းကောင်း တင်ပြနိုင်ခြင်း မရှိသဖြင့် တရားလို ကုမ္ပဏီကိုယ် တိုင်က Johnny Yeung တစ်ဦးတည်းကိုသာ ဦးတည်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ Johnny Yeung ဘက်မှ ပျက်ကွက်မှုများ ရှိခဲ့ရာ ယင်းအခြေအနေမျိုးတွင် တရားလို ကုမ္ပဏီသည် တရားပြိုင် ကုမ္ပဏီထံ ဆက်သွယ်၍ မေးမြန်းခြင်း စာချုပ်ကို အတည်ပြုခြင်းတို့ ဆောင်ရွက်သင့်ပေသည်။ ယင်းသို့ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပုဂ္ဂိုလ်ရေးကို အခြေခံသည့် ကိစ္စရပ် ဖြစ်သည်ဟု ဖော်ပြနေသကဲ့သို့ ရှိသည်ကို တွေ့ရသည်။

ဤနေရာတွင် တရားပြိုင် ကုမ္ပဏီ၏ ခေါင်းစီးပါသော စာရွက်စာတမ်းများကို အသုံးချ ဆောင်ရွက်ခြင်းရှိရာ Johnny Yeung သည် ယခင်က တရားပြိုင် ကုမ္ပဏီ၌ ၎င်း၏ဖခင်က တာဝန်ရှိသူ တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည့် အခြေအနေအရ ကုမ္ပဏီမှ ယင်းစာရွက်စာတမ်းများကို အလွယ်တကူ ရရှိနိုင်သည်ဟုလည်း ဆိုနိုင်ပေသည်။

တရားလိုကုမ္ပဏီ အားကိုးအားထားပြုသော ၃-၁-၂၀၁၆ ရက်စွဲပါ အရောင်းပဋိညာဉ် စာချုပ်တွင် တရားပြိုင် ကုမ္ပဏီ၏ ခေါင်းစီးပါဝင်ခြင်းမှတစ်ပါး တရားပြိုင် ကုမ္ပဏီတွင် တာဝန်ရှိသူ တစ်ဦး၏ အမည်လက်မှတ် တစ်စုံတစ်ရာ ပါဝင်ခြင်း မရှိသည်ကို တွေ့ရသည်။ **ဒေါ်ခင်စောဝေ နှင့် ဒေါ်အေးအေးသောင်း ပါ၃ အမှု** [၂] တွင် တရားမကြီးမှု စွဲဆိုနေသည့် အဆင့်၌ တရားမကြီးမှုနှင့်

၂။ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၀

သက်ဆိုင်အကျိုးဝင်သည့် သူကိုသာ ထည့်သွင်းစွဲဆိုရမည် ဖြစ်သည်။ တရားမကြီးမှုနှင့် မည်သို့မျှ သက်ဆိုင်အကျိုးဝင်ခြင်း မရှိသူအား ထည့်သွင်းစွဲဆိုခွင့် တောင်းခံခြင်းကို ခွင့်မပြုနိုင်ပေဟု ဆုံးဖြတ်ပြီး ယင်းအမှုမှ တရားပြိုင်၏ ခင်ပွန်းကို တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုရန် မလိုဟု သုံးသပ်ဆုံးဖြတ်ခဲ့သည့် ဖြစ်စဉ်တစ်ရပ်ကို သတိပြုမိသည်။

ယခုအမှုတွင် တရားပြိုင် ကုမ္ပဏီသည် မိမိကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး သို့မဟုတ် မိမိကုမ္ပဏီ၏ ကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရွက်မှုမဟုတ်သော ပဋိညာဉ်ဖောက်ဖျက်မှုအတွက် တရားရှုံးအဖြစ် ရောက်ရှိရခြင်းသည် တရားမျှတမှု ရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ တရားလို ကုမ္ပဏီ အနေဖြင့် Johnny Yeung အပေါ်တွင်သာ တရားမကြီးမှု စွဲဆို၍ အရောင်းပဋိညာဉ်အရ ပေးချေထားသော ကြိုတင်ငွေနှင့် နစ်နာကြေးတို့ကို တောင်းဆိုသင့်ပေသည်။

ထိုအကြောင်းများကြောင့် မူလရုံး၏ ငြင်းချက်အမှတ် ၂ ပထမပိုင်းကို တရားလိုသည် တရားပြိုင် ကုမ္ပဏီက ထုတ်လုပ်သော မကျည်းဖျော်ရည်ဗူးဝယ်ရန် စာချုပ် ချုပ်ဆိုပြီး ၂၂-၁-၂၀၁၆ ရက်နေ့က အမေရိကန် ဒေါ်လာငွေ ၁၀၀၀၀ ကို တရားပြိုင်ထံ ပေးချေခဲ့သည်မှာ မမှန်ဟု လည်းကောင်း၊ ငြင်းချက်အမှတ် ၂ ၏ ဒုတိယပိုင်းကို တရားပြိုင် ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုခဲ့ခြင်း မရှိသဖြင့် တရားလို ကုမ္ပဏီမှ မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ရယူခဲ့ခြင်း မရှိသည့်အတွက် ငွေပြန်ပေးရန်အကြောင်း မပေါ်ပေါက် ဆိုသည်မှာ မှန်သည်ဟု လည်းကောင်း၊ ငြင်းချက်အမှတ် ၃ ကို တရားလိုသည် တရားပြိုင်ထံမှ စာချုပ်အရ ပေးထားသော နစ်နာကြေးငွေနှင့် လျော်ကြေးရထိုက်သည်မှာ မမှန်ဟု လည်းကောင်း၊ ငြင်းချက်အမှတ် ၄ ကို တရားလိုသည် တရားပြိုင်ထံမှ မည်သည့် သက်သာခွင့်မျှ မရထိုက်ဟုလည်းကောင်း ပြင်ဆင်ဖြေဆိုလိုက်သည်။

ဤအယူခံမှုကို ခွင့်ပြုသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ ၂၀-၁-၂၀၁၆ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလရုံး တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေခ ၁၀၀၀၀ ကျပ် သတ်မှတ်သည်။

(အောင်နိုင်)
တရားသူကြီး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်